EBO Briefing Paper No.1/2016
August 2016

# "ပင်လုံ" ဆိုသည်မှာ အဘယ်နည်း

ဟန်ယောင်ဝေ

လူတချို့က ပင်လုံသည် အရေးမကြီးကြောင်း ပြောကြသည်။ တချို့ကလည်း ပင်လုံသည် ဒဏ္ဍာရီ တခုသာဖြစ်သည်ဟု ဆိုကြသည်။ တချို့ကျတော့ ပင်လုံသဘောတူစာချုပ် ချုပ်ဆိုစဉ်က တိကျခိုင်မာမှု အားနည်းခဲ့သဖြင့် "ပင်လုံစာချုပ်" အစား "ပင်လုံစိတ်ဓာတ်" ဟု အသုံးပြုခြင်းက ပို၍ သင့်လျော်သည်ဟု ဆိုကြသည်။ မည်သူက မည်သို့ပင် ဆိုစေကာမူ ပင်လုံစာချုပ်ထက် "ပင်လုံ၏ ကတိကဝတ်" က ပို၍ အရေးကြီးသည်ဟု  တချို့က ပြောဆိုကြပြန်သည်။

မည်သူက မှန်သနည်း။ ၁၉၄၈ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် အစ္စရေးလ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန် တိုက်ပွဲဆင်နွှဲပြီး လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဤတွင် ၁၉၁၇ ခုနှစ် ဘဲလ်ဖိုး (Balfour) ကြေညာစာတမ်းသည် အစ္စရေးလ်နိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အဓိက အထောက်အကူပြုစေခဲ့သော စာတမ်းဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ထို စာတမ်းသည်ကား အဘယ်နည်း။ အဆိုပါ ဘဲဖိုးလ် (Balfour) ကြေညာစာတမ်းသည် ပါလက်စတိုင်း ဒေသတွင် ဂျူးလူမျိုးများအား နိုင်ငံတစ်နိုင်ငံ ထူထောင်ရန် ရည်ရွယ်ထားသည်ဟု ဗြိတိသျှနိုင်ငံခြားရေး ဝန်ကြီး အာသာဂျိမ်းစ် ဘဲလ်ဖိုး (Arthur James Balfour) က ဝေလ်တာ ရှိသ်စ်ချိုင်း (Walter Rothschild), (ဒုတိယ ဘာရွန် ရှိသ်စ်ချိုင်း) (2nd Baron Rothschild) ထံ ရေးသားပေးပို့ခဲ့သည်။ ဤ စာတမ်းသည် ဂျူးလူမျိုးတို့အား သီးသန့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ရှိသင့်ကြောင်းကို အသိအမှတ်ပြုထားသည်။

ထိုနည်းတူ လွတ်လပ်၍ သီးခြားစီ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော နိုင်ငံ (၄) နိုင်ငံတို့သည် ပင်လုံစာချုပ် ချုပ်ဆိုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို အတူတကွ ပူးပေါင်းတည်ထောင်ခဲ့သည် ဆိုသည်ကို အသိအမှတ်ပြုသည့် စာတမ်းဖြစ်သည်။

ဆိုလိုသည်မှာ ဗမာလူမျိုးများ နည်းတူ ချင်း၊ ကချင် နှင့် ဖက်ဒရိတ် ရှမ်းပြည်ထောင်စု ပြည်သူများသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ညီတူညီမျှ ပူးတွဲပိုင်ဆိုင်ခွင့် ရသူများ ဖြစ်ကြသည်။

ထို့ကြောင့် ပင်လုံသဘောတူစာချုပ်သည် တစ်နည်းအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို တရားဝင် ပူးတွဲပိုင်ဆိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုထားသော တရားဝင်စာချုပ် ဖြစ်ပါသည်။ သို့ရာတွင် ၁၉၄၈ ခုနှစ်

ကတည်းက ထို ပူးတွဲပိုင်ဆိုင်ခွင့်၏ တူညီသောအခွင့်အရေးများသည် ယနေ့တိုင် ငြင်းပယ်ခြင်းခံခဲ့ရသည်ကို တွေ့ရှိရပါသည်။

မကြာမီ ကျင်းပပြုလုပ်မည့် ၂၁ ရာစု ပင်လုံညီလာခံက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ချင်းနှင့် ကချင် တောင်တန်းဒေသများ၊ ဖက်ဒရိတ် ရှမ်းပြည်ထောင်စုရှိ လူမျိုးများ၊ သီးခြားလွတ်လပ်သော ကရင်နီ ပြည်နယ်များ၊ ဗြိတိသျှဘားမား (ပြည်မ) ရှိ ပြည်သူများက ပူးတွဲ တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်းကို အသိအမှတ်ပြုရန် လိုအပ်မည် ဖြစ်ပါသည်။



၂၀၁၅ ခုနှစ် တနိုင်ငံလုံးပစ်ခတ်ရပ်စဲရေး သဘောတူညီချက် အစည်းအဝေးတွင် တက်ရောက်သော NCCT & UPWC အဖွဲ့ဝင်များ